ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ထုတ်ပြန်ကြေညာချက် (၁၇ /၂၀၂၁)
၁၃၈၃ ခုနှစ် နတ်တော်လဆန်း ၁၁ ရက်
၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ (၁၄) ရက်

# အကြမ်းဖက်စစ်ကောင်စီက ကျင်းပမည့် ကျောက်မျက်ရတနာပြပွဲသည် တရားမဝင်ကြောင်းနှင့် ပူးပေါင်းပါဝင်ရောင်းဝယ်ခြင်း မပြုရန် တိုက်တွန်းကြေညာခြင်း

၁။ အကြမ်းဖက်စစ်ကောင်စီက အဓမ္မအာဏာလုယူထားပြီး တရားမဲ့ ဖိနှိပ်အုပ်ချုပ်မှုနှင့် ဥပဒေမဲ့ လုပ်ဆောင်မှုများကြောင့် မြန်မာနိုင်ငံရှိ လုပ်ငန်းရှင်နှင့် ပြည်သူအများအပြားသည် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေကြရပြီး လက်ရှိအခြေအနေတွင် အဖက်ဖက်မှ ဆုတ်ယုတ်ပျက်စီးလျက် ရှိနေသည်။ ဤကဲ့သို့ ပြည်သူများအားလုံး အခက်အခဲများစွာနှင့် ရင်ဆိုင်ကြုံတွေ့နေရချိန်တွင် စစ်ကောင်စီသည် ၎င်းတို့၏အာဏာတည်မြဲရေးကိုသာ ဦးစားပေး ကြိုးပမ်းလျက်ရှိပါသည်။ တိုင်းပြည်ဘဏ္ဍာငွေများကို အလွဲသုံးစားထုတ်ယူသုံးစွဲရုံမျှမက မြန်မာနိုင်ငံမှ ထွက်ရှိသည့် ပြည်သူပိုင် ကျောက်မျက်ရတနာများနှင့် ပုလဲများကို နိုင်ငံခြားငွေဖြင့် ရောင်းချရန် ကြံစည်လျက်ရှိရာ စစ်ကောင်စီလက်အောက်ခံ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းနှင့် မြန်မာ့ပုလဲ ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းတို့က စစ်ကောင်စီ၏ ကျောက်မျက်ရတနာပြပွဲ ကျင်းပနိုင်ရေး အကောင်ထည်ဖော်ဆောင်ရွက်လျက် ရှိပါသည်။

၂။ အကြမ်းဖက်စစ်ကောင်စီထံသို့ ဝင်ငွေနှင့် အထောက်အပံ့များ စီးဆင်းမှုမရှိစေရေးအတွက် ၎င်း၏လက်အောက်ခံ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပူးပေါင်းဆောင်ရွက်ခြင်းမပြုကြရန် ထုတ်ပြန်ကြေညာချက် (၁/၂၀၂၁) ဖြင့် ပုဂ္ဂလိက ကုမ္ပဏီ/ လုပ်ငန်းရှင်များအား အသိပေးတိုက်တွန်းထားပြီးဖြစ်ပါသည်။

၃။ ထို့အပြင် စစ်ကောင်စီလက်အောက်ခံ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနက ခွင့်ပြုပေးထားသည့် သတ္တု၊ ကျောက်မျက်၊ ပုလဲ၊ သစ်နှင့် အခြားသယံဇာတများ စမ်းသပ်၊ တူးဖော်၊ ထုတ်လုပ်၊ ရောင်းချခြင်းဆိုင်ရာ ခွင့်ပြုမိန့်နှင့် လိုင်စင်များသည် တရားဝင်မှု မရှိကြောင်း၊ ၎င်းခွင့်ပြုမိန့်နှင့် လိုင်စင်များ ချထားခွင့်ပြုပေးသည့် လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်သူ ဝန်ထမ်းများကိုလည်း အရေးယူသွားမည်ဖြစ်ကြောင်းကိုလည်း ထုတ်ပြန်ကြေညာချက် (၂/၂၀၂၁) ဖြင့် အသိပေးကြေညာပြီး ဖြစ်ပါသည်။

၄။ ယခုအခါ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ (၁၇) မှ (၂၂) ရက်နေ့အထိ နိုင်ငံခြားငွေဖြင့် ရောင်းချမည့် ကျောက်မျက်ရတနာပြပွဲကို စစ်ကောင်စီလက်အောက်ခံ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်းက ကျင်းပရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်ကို သိရှိရသည်။ သို့ဖြစ်၍ တရားမဝင်အကြမ်းဖက် စစ်ကောင်စီက ပြုလုပ်ကျင်းပမည့် အဆိုပါကျောက်မျက်ရတနာပြပွဲသည် တရားမဝင်ကြောင်းနှင့် ၎င်းပြပွဲသို့ ကျောက်မျက်လုပ်ငန်းရှင် ပြည်သူများအနေဖြင့် တက်ရောက်၍ ကျောက်မျက်အတွဲများ တင်ပြရောင်းဝယ်ခြင်း မပြုလုပ်ကြရန် အသိပေးတိုက်တွန်းသည်။ တရားမဝင်ကျောက်မျက်ရတနာ ပြပွဲကို ဦးစီးကျင်းပသည့် ဝန်ထမ်းများ၊ ပူးပေါင်းပါဝင်သည့် လုပ်ငန်းရှင်များကို စာရင်းပြုစု၍ အမည်ပျက် (Black List) စာရင်းသွင်းကာ တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် အမျိုးသားညီညွတ်ရေးအစိုးရ၏ ညွှန်ကြားချက်များအား လိုက်နာခြင်းမရှိသည့် လုပ်ငန်းရှင်များကိုလည်း ပြည်သူများကသတင်းပေးတိုင်ကြားနိုင်ကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ